# ပုသိမ်ခရိုင်တရားရုံးတော်

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၀/၂၀၁၅

| တရားလို | တရားပြိုင် |
|---|---|
| ၁။ ဒေါ်ခင်ကြည် | ၁။ ဦးအုန်းစံ |
| ၂။ ဦးဝင်းမောင် | ၂။ ဒေါ်ညိုညို |
| | ၃။ မမို့မို့ |
| | ၄။ ကိုဟန်မင်းသူ |

တရာလိုများအတွက် - ဒေါ်စမ်းသီတာခိုင် (တရားလွှတ်တော်ရှေ့နေ)

တရားပြိုင်များအတွက် - ဦးလှကွန်း (တရားလွှတ်တော်ရှေ့နေ)

၂၀၁၇ခုနှစ်၊ ဧပြီလ ၂၉ ရက်

## စီ ရင် ချက်

တရားလိုဒေါ်ခင်ကြည်မှ တရားပြိုင်များဖြစ်သော (၁) ဦးအုန်းစံ၊ (၂) ဒေါ်ညိုညို၊ (၃) မမို့မို့၊ (၄) ကိုဟန်မင်းသူ တို့အား ကြိုတင်အပ်နှံထားသော စပါး တင်း ၂၀၀၀ နှင့် မတ်ပဲ တင်း ၁၀၀ (သို့မဟုတ်) ကာလပေါက်ဈေးငွေ စပါး တင်း ၂၀၀၀ အတွက် ၁၀၀,၀၀၀၀၀ နှင့် မတ်ပဲ တင်း ၁၀၀ အတွက် ၅၀,၀၀၀၀၀ိ/- စုစုပေါင်း ၁၅၀,၀၀၀၀၀ိ/- ရလိုမှု စွဲဆိုထားခြင်း ဖြစ်ပါသည်။

တရားလိုမှ အဆိုလွှာတင်သွင်းရာတွင် အမှတ် (၂) တရားလိုမှ ၃-၂-၂၀၁၃ နေ့က မုရင်းစပါး တင်း ၃၀၀ ကို တရားပြိုင်များမှ ချိန်တွယ်ယူကာ ဘောင်ချာလက်မှတ်ရေးထိုး ထုတ်ပေးခဲ့ကြောင်း၊ ၁၉-၂-၂၀၁၃နေ့တွင် ရွှေဝါစပါး ၂၅၄ တင်းခွဲအား မုရင်းစပါး တင်း ၄၀၀ အဖြစ် ပြောင်းလဲသတ်မှတ်ကာ ချိန်တွယ်ဘောင်ချာလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၂၈-၁-၂၀၁၄ ရက်နေ့တွင်လည်း လုံးကြီးစပါး ၃၀၀ကို မုရင်းစပါး ၅၀၀ အဖြစ် ပြောင်းလဲသတ်မှတ်ကာ တရားပြိုင်ဘက်မှ ဘောက်ချာဖြတ်ပေးခဲ့ကြောင်း၊ ၃-၁-၂၀၁၄နေ့တွင် မတ်ပဲ တင်း ၁၀၀ အား အသိသက်သေရှေ့ ချိန်တွယ်အပ်နှံခဲ့ကြောင်း၊ ၃-၂-၂၀၁၄နေ့တွင် မုရင်းစပါး ၅၀၀ တင်းကို အပ်နှံခဲ့ကြောင်း၊ ၂၅-၂-၂၀၁၄နေ့တွင် တရားလိုများရရန်ရှိသော ငွေ ၈၀၀၀၀၀ိ/- ကို စပါးတင်း ၃၀၀ အပ်နှံကြောင်း ပြောင်းလဲသတ်မှတ်ကာ ဘောင်ချာလက်မှတ် ရေးထိုးထုတ်ပေးခဲ့ကြောင်း၊

ထို့နောက် မတ်ပဲ တင်း ၁၀၀ နှင့် စပါး တင်း ၂၀၀၀ အား ဈေးဖြတ်ပေးရန်ပြောရာ စောင့်ပါဟု အကြိမ်ကြိမ်ပြောသဖြင့် ၁၅-၉-၂၀၁၅နေ့တွင် ရှေ့နေမှတစ်ဆင့် တောင်းခံခဲ့သော်လည်း မပေးကြောင်း၊ စပါးတင်း ၂၀၀၀အတွက် ကာလတန်ဘိုး သိန်း ၁၀၀ နှင့် မတ်ပဲတင်း ၁၀၀အတွက် ကာလတန်ဘိုး သိန်း ၅၀ စုစုပေါင်း သိန်း ၁၅၀ ရလိုကြောင်း အဆိုပြု စွဲဆိုထားခြင်း ဖြစ်ပါသည်။

တရားပြိုင်များမှ ချေလွှာတင်သွင်းရာတွင် စပါးတင်းတစ်ရာလျှင် ၂,၅၀၀၀၀ိ/- နှင့် စပါး တင်း ၃၀၀ အတွက်ငွေ ၇,၅၀၀၀၀ ယူပြီး ငွေယူခြင်းဖြစ်ကြောင်း၊ ထို့နောက် မုရင်းစပါး တင်း ၄၀၀ သတ်မှတ်ကာ တစ်တင်းလျှင် ၂၇၅၀ိ/- နှုန်းဖြင့် စုစုပေါင်း ၁၁,၄၅၂၅၀ိ/-ပြောင်းလဲသတ်မှတ်ကာ ၄၅၂၅၀ိ/- ကို တရားပြိုင်မှ တရားလိုသို့ ၁၉-၂-၂၀၁၃ နေ့၌ပေးပြီး ကျန်ငွေမှာ ၁၁,၀၀၀၀၀ိ/- ဖြစ်ကြောင်း၊ ၂၈-၁-၂၀၁၄တွင် ၇၀၀၀၀၀ိ/-ပေးခဲ့ပြီးဖြစ်သဖြင့် ၄၀၀၀၀၀ိ/- သာကျန်ကြောင်း၊ ဦးဝင်းမောင်ထံမှ တရားပြိုင်များကရရန်ရှိငွေ ၅,၂၇၀၀၀ိ/- ရှိသဖြင့် တရားလိုများထံတွင် ၁,၂၇၀၀၀ိ/- ရရန်ပင်ရှိကြောင်း၊ ၂၈-၁-၂၀၁၄ မုရင်းစပါး တင်း ၅၀၀ဘိုးမှာ ရှင်းလင်းပြီးဖြစ်ကြောင်း၊ မတ်ပဲ တင်း ၁၀၀ အတွက် ၂၅,၀၀၀၀၀ိ/-အား ၁၀-၆-၂၀၁၄၊ ၁၅-၆-၂၀၁၄၊ ၂၆-၆၃-၂၀၁၄၊ ၁၅-၇-၂၀၁၄၊ ၂၅-၇-၂၀၁၄ နေ့ ပြေစာများအရ ရှင်းပြီးဖြစ်ကြောင်း၊ စပါး တင်း ၂,၀၀၀ မှာ တရားလို တရားပြိုင် စာရင်းရှင်းလင်းခြင်း မပြုရသေးသော (၃-၂-၂၀၁၃) စပါး တင်း ၃၀၀၊ (၃-၂-၂၀၁၄) နေ့ စပါး တင်း ၅၀၀၊ (၁၅-၂-၂၀၁၄) နေ့ စပါး တင်း ၃၀၀ စုစုပေါင်း တင်း ၁,၁၀၀ ဖြစ်ပြီး တစ်တင်းလျှင် ၅,၀၀၀ိ/- နှင့် စုစုပေါင်း ၅၅,၀၀၀၀၀ိ/- ဖြစ်ကြောင်း လျှောက်ထားသည်။

ထို့ပြင် တရားလိုများမှ တရားပြိုင်များအား ပဲ ၈၆ တင်းအတွက် တစ်တင်းလျှင် ၅၀,၀၀၀ိ/- ဈေးနှင့် စုစုပေါင်း ၄,၃၀၀,၀၀၀ိ/- ပေးရန်ရှိကြောင်း၊ ၁၈-၈-၂၀၁၃ စာရင်းအရ ကျော်ဝင်းမောင် ယူသည့် ဓါတ်ဆားဘိုး ၃၂၅,၀၀၀ိ/-၊ ဦးဝင်းမောင် ယူသည့် ဓါတ်ဆားဘိုး ၅၀၅,၀၀၀ိ/-၊ ၈-၉-၂၀၁၃ ၏ စာအရ ကျော်ဝင်းမောင် ယူသော ဓါတ်ဆားဘိုး ၆၈၂,၅၀၀ိ/-၊ စုစုပေါင်း ၁၅၁၂၅၀၀ိ/- ရရန်ရှိကြောင်း၊ ထို့ကြောင့် စုစုပေါင်းမျိုးပဲဘိုး ၄၃,၀၀၀၀၀ိ/- တရားလိုနှင့် ၄င်း သားယူငွေ ၁၅,၁၂၅၀၀ိ/-၊ စပါး တင်း ၁၁၀၀ အတွက် ၅၅,၀၀၀၀၀ိ/- ဖြစ်သဖြင့် တရားပြိုင်များမှ ၃,၁၂၅၀၀ိ/- ရရန်ရှိကြောင်း၊ စာရင်းရှင်းလင်းခြင်း မရှိဘဲစွဲဆိုသဖြင့် အမှုစွဲဆိုပုံမှားယွင်းကြောင်း ချေပသည်။

ရုံးတော်မှ ကောက်ချက် (၃)ချက် ထုတ်နုတ်ခဲ့သည်။

(၁) တရားလိုသည် တရားပြိုင်ထံ ကြိုတင်အပ်နှံထားသည့် စပါး တင်း ၂၀၀၀ နှင့် မတ်ပဲ တင်း ၁၀၀ (သို့မဟုတ်) ထိုစပါး တင်း ၂၀၀၀ ၏ ကာလပေါက်ဈေးငွေ ကျပ်သိန်း ၁၀၀ ကျပ်နှင့် မတ်ပဲ တင်း ၁၀၀ ၏ ကာလပေါက်ဈေး သိန်း ၅၀ ကျပ် စုစုပေါင်းကျပ်သိန်း ၁၅၀ ရရန်ရှိသည်မှာ မှန်သလား။

(သို့မဟုတ်)

တရားလို၊ တရားပြိုင် နှစ်ဦးနှစ်ဖက် အပေးအယူပြုလုပ်ထားသော စာရွက်စာတမ်းများအရ တရားပြိုင်များကပင်လျှင် တရားလိုများထံမှ ၃၁၂၅၀၀ိ/- သုံးသိန်းတစ်သောင်းနှစ်ထောင့်ငါးရာကျပ် ရရန်ရှိသည်ဆိုခြင်းမှာမှန်သလား။

(၂) တရားလို၊ တရားပြိုင်များ ရရန် ပေးရန် စာရင်းရှင်းလင်းခြင်းမရှိဘဲ စွဲဆိုထားသဖြင့် အမှုစွဲဆိုပုံ မှားယွင်းသည်ဆိုခြင်းမှာ မှန်သလား။

(၃) တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်သနည်း တို့ဖြစ်သည်။

ကောက်ချက် (၁) နှင့်ပတ်သက်ပြီး သုံးသပ်ကြည့်ရာတွင် အမှတ်စဉ် (၁) တရားလို ဒေါ်ခင်ကြည် မှ ထွက်ဆိုရာတွင် အဆိုလွှာပါအတိုင်းပင်ထွက်ဆိုထားပြီး တရားပြိုင်များထံမှ ငွေကြေးများမရသဖြင့် ကျွန်မ ဆောက်လုပ်လျှုဒါန်းထားသော ဘုန်းကြီးကျောင်းသိမ်တော်ကြီးလည်း ယနေ့တိုင် မပြီးစီးဘဲဖြစ်နေရကြောင်းနှင့် အမှတ်စဉ် (၂) ဦးဝင်းမောင်မှာ တရားလို၏ သားဖြစ်ပြီး ၎င်းမှထွက်ဆိုရာတွင် အဆိုလွှာ အတိုင်းပင်ထွက်ဆိုထားပြီး တရားပြိုင်များမှ ထုတ်ပေးသော ဘောင်ချာ (၆)စောင်အား ရုံးတော်သို့ သက်သေခံ (က) မှ (က-၅) အဖြစ် တင်ပြကြောင်း၊ နို့တစ်စာ (၂)စောင်အား သက်သေခံ (ခ)နှင့် (ဂ)အဖြစ် တင်ပြကြောင်းနှင့် ပြန်လှန်စစ်ဆေးရာတွင် ချေလွှာပါအတိုင်းပင် မေးမြန်းထားပြီး ၁၉-၂-၂၀၁၃ ရက်စွဲပါ ကျန်ငွေ ၁၁၀၀၀၀ဝိ/-တွင် ၂၈-၁-၂၀၁၄ နေ့က ငွေ ၇,၀၀၀၀ဝိ/-အား ရွှေပြည်စိုးနှင့်အတူ တရားပြိုင်များမှ ကျွန်တော်အားပေးပြီးဆိုလျှင် မဟုတ်ကြောင်း ထွက်ဆိုထားပေသည်။

ဦးကျော်မင်းအောင် (လိုပြ ၁) မှာ (၁) တရားလို၏မြေး (၂) တရားလို၏ သားဖြစ်ကာ တရားလိုများအား ထောက်ခံထွက်ဆိုထားပေသည်။ ကိုလှိုင်ဝင်း (လိုပြ ၂) မှာ တရားလိုတို့၏ စာရင်းငှားဖြစ်ကြောင်း၊ ကိုဇော်ဝင်းမောင် (လိုပြ ၃) မှာ အမှတ်စဉ် (၂) တရားလို၏ သားဖြစ်ကြောင်း၊ ဦးကျော်ညွန့် (လိုပြ ၄) မှာလည်း တရားလိုတို့၏ လယ်စာရင်းငှား ဖြစ်ကြောင်းနှင့် တရားလိုများကို ထောက်ခံထွက်ဆိုထားသည်။

(၁) တရားပြိုင် ဦးအုန်းစံမှ ထွက်ဆိုရာတွင် ကျွန်တော်နှင့်တရားလိုမှာ စာရင်းမရှင်းရသေးကြောင်း၊ ကျွန်တော်မှပင် ရရန်ရှိကြောင်းထွက်ဆိုထားပြီး တရားပြိုင်အမှတ် (၂) ဒေါ်ညိုညို မှာ အမှတ်စဉ် (၁) တရားပြိုင်၏ဇနီးဖြစ်ကြောင်း၊ သက်သေခံ (က) ပြေစာ မရှင်းရသေးကြောင်း၊ သက်သေခံ (က-၁)၏ ပြေစာမှ ၁၁ သိန်းအား ကျွန်မတို့ အလုပ်သမား ရွှေပြည်စိုး ရှေ့တွင် ဦးဝင်းမောင်လာယူသဖြင့် ၂ သိန်း၊ ဦးဝင်းမောင် (လိုပြ ၁) တစ်သိန်း လာယူကြောင်း၊ ရွှေပြည်စိုးနှင့် ၄ သိန်း ပို့ခိုင်းခဲ့ကြောင်း၊ ၂၈-၁-၂၀၁၄ သက်သေခံ (က-၂) ဘောင်ချာမှာ ရှင်းလင်းပြီးဖြစ်ကြောင်း၊ သက်သေခံ (က-၂) မတ်ပဲ တင်း ၁၀၀ဘိုး ၂၅ သိန်းနှင့်ပတ်သက်၍ ကျွန်မတို့မှ ရရန်ရှိသော သက်သေခံ (၁)မှ (၁-ဃ) ထိ ပြေစာဖြတ်ပိုင်းများအရ ရှင်းပြီးဖြစ်ကြောင်းနှင့် ချေလွှာပါအတိုင်းပင်ထွက်ဆိုပြီး တရားလိုများထံမှရရန်ရှိသော ၅-၂-၂၀၁၄ ပြေစာအား သက်သေခံ (၂)၊ ၁၀-၈-၂၀၁၃ ပြေစာအား သက်သေခံ (၂-က)၊ ဦးဝင်းမောင် ယူဟုပြထားသောပြေစာအား သက်သေခံ (၂-ခ)၊ ၈-၉-၂၀၁၃ ပြေစာကို သက်သေခံ (၂-ဂ) အဖြစ် တင်ပြကြောင်း ထွက်ဆိုထားသည်။

ကိုသံချောင်း (ပြိုင်ပြ ၁) က ယခုစွဲဆိုသော ကိစ္စအား ဘာမှမသိကြောင်းနှင့် ဦးချစ်ညွန့် (ပြိုင်ပြ ၂)မှာလည်း တရားလိုက တရားစွဲဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ဘာမှ သေချာသိသူ မဟုတ်ဆိုလျှင် မှန်ကန်ကြောင်းထွက်ဆိုထားသည်။ ဦးဘိုဝင်း (ပြိုင်ပြ ၃) မှ ထွက်ဆိုရာတွင်လည်း ယခုအမှုကိစ္စနှင့်ပတ်သက်၍ ကျွန်တော်ဘာမှမသိဆိုလျှင် မှန်ကြောင်းထွက်ဆိုထားသည်။ မောင်ရွှေပြည်စိုး (ပြိုင်ပြ ၄)မှ ထွက်ဆိုရာတွင်လည်း တရားလို တရားစွဲဆိုသည့်ကိစ္စနှင့် ပတ်သက်၍ ကျွန်တော်ဘာမှသိသူမဟုတ်ဆိုလျှင် မှန်ကြောင်း၊ မင်းထက် (ခ) မင်းထက်ဦး

စစ်ဆေး၍မှန်ကန်ကြောင်းတာဝန်ယူသည်

(ပြိုင်ပြ ၅)၊ ဦးတင်ဝင်းမောင် (ပြိုင်ပြ ၆) တို့မှာလည်း အချင်းကိစ္စနှင့်ပတ်သက်၍ တိတိကျကျ မသိကြောင်း ထွက်ဆိုထားပေသည်။

ထို့ကြောင့် ယခုအမှုတွင် တရားလိုများနှင့် တရားပြိုင်များ အငြင်းမပွားကြသည့် အချက်မှာ သက်သေခံ (က) မှ (က-၅) ထိ ဘောင်ချာစာရွက်များမှာ တရားပြိုင်များမှ ထုတ်ပေးထားခြင်းဖြစ်ကြောင်းမှာ အငြင်းမပွားပေ။ တရားပြိုင်များမှ သက်သေခံ (က) (၃-၂-၂၀၁၃) စပါး တင်း ၃၀၀၊ သက်သေခံ (က-၄) ၃-၂-၂၀၁၄ စပါး တင်း ၅၀၀၊ သက်သေခံ (က-၅) (၁၅-၂-၂၀၁၄) စပါး တင်း ၃၀၀၊ စုစုပေါင်း စပါး တင်း ၁၁၀၀ အတွက်သာ မရှင်းရသေးခြင်းဖြစ်ကြောင်း ချေလွှာနှင့် (၂) တရားပြိုင်၏ ထွက်ချက်များတွင် ဝန်ခံထားပေသည်။

၁၉-၂-၂၀၁၃ ရက်စွဲပါ သက်သေခံ (က-၁) နှင့်ပတ်သက်၍ စုစုပေါင်းငွေ ၁၁,၄၅၂၅၀ိ/တွင် ၁၁,၀၀၀၀၀ိ/-ကိုသာ ငွေကျန်မှတ်ပြီး ၄,၅၂၅၀ိ/-အား တရားပြိုင်များမှ တရားလိုသို့ ရှင်းပေးသဖြင့် "**ရှင်း**" ဟုရေးထားကာ ထိုငွေကျန် ၁၁ သိန်းအနက် ၇,၀၀၀၀ိ/-ကို တရားပြိုင်များမှ ရွှေပြည်စိုး (ပြိုင်ပြ-၄)နှင့်အတူ အမှတ်စဉ် (၂) တရားလို ဦးဝင်းမောင် အား ပေးပြီးကြောင်း ချေပမေးမြန်းထားသော်လည်း ရွှေပြည်စိုး (ပြိုင်ပြ-၄)မှာ တရားစွဲသည့်ကိစ္စနှင့်ပတ်သက်၍ ဘာမှမသိကြောင်းသာ ထွက်ဆိုသဖြင့် အဆိုပါသက်သေခံ (က-၁) အတွက် မုရင်း စပါး တင်း ၄၀၀ ၏ တန်ဘိုးများ မရှင်းရသေးသည်မှာ မှန်ကန်ကြောင်းသာ သုံးသပ်တွေ့ရှိရပေသည်။

သက်သေခံ (က-၂) ၂၈-၁-၂၀၁၄ နေ့စွဲပါဘောင်ချာနှင့်ပတ်သက်၍ ချင်တွယ်ပေးသော လယ်ကြီးစပါး ၃၀၀တင်း အတွက် ၁၂သိန်း ဖြစ်ပြီး၊ မုရင်းစပါး ၅၀၀ တင်းအတွက် ၁၃ သိန်း ပြောင်းလဲသတ်မှတ်သဖြင့် ငွေ (၁)သိန်းကျပ်အား မိခင် အမှတ် (၁) တရားလို ဒေါ်ခင်ကြည် ကိုယ်တိုင် ထုတ်ပေးလိုက်ကြောင်း၊ ထို့ကြောင့် ဘောင်ချာတွင် (၁)သိန်း ရှင်းပေးရသဖြင့် ရှင်းဟု ဖော်ပြထားခြင်းဖြစ်ကြောင်းတို့ကို ဦးဝင်းမောင် (အမှတ်စဉ် (၂) တရားလို)မှ ၂၈-၁-၂၀၁၄ ဘောင်ချာနှင့်ပတ်သက်၍ သေချာစွာရှင်းလင်းထွက်ဆိုထားပြီး တရားပြိုင်များမှ ရှင်းဟုရေးထားခြင်းမှာ နှစ်ဦးနှစ်ဘက်ရှင်းလင်းပြီးဖြစ်သဖြင့် တရားပြိုင်တွင် ပေးရန်တာဝန်ရှိကြောင်း ချေလွှာ၌ ချေပထားပြီး အမှတ် (၂) တရားပြိုင် ဒေါ်ညိုညိုစန်း (ခ) ဒေါ်ညိုညို မှ ရှင်းလင်းပြီးမှ ရှင်းဟုရေးသားထားခြင်းဖြစ်ကြောင်း ထွက်ဆိုထား၍ သုံးသပ်ကြည့်ရာတွင် သက်သေခံ (က-၁) (၂၉-၂-၂၀၁၃) ရက်စွဲပါ ဘောင်ချာများတွင်လည်း ရှင်း ဟု ရေးသားထားသည်။ ထို "**ရှင်း**" မှာ ရွှေဝါပေးစပါး ၂၅၄ တင်းခွဲအား မုရင်းစပါး ၄၀၀ တင်းဖြင့် ပြောင်းလဲသတ်မှတ်ရာတွင် ကွာခြားသော ၄၅၂၅၀ိ/-ဖြစ်ပြီး ထိုငွေအား တရားပြိုင်များမှ တရားလိုတို့အားပေးခဲ့သောကြောင့် ရှင်းဟု ရေးသားထားပြီး ထိုစဉ်က ငွေ (၁၁)သိန်း ကျန်ရှိကြောင်းမှာ တရားပြိုင်မှ ဝန်ခံထွက်ဆိုထားသဖြင့် ယခုသက်သေခံ (က-၂) (၂၈-၁-၂၀၁၄) ရက်စွဲပါ ရှင်း ဟူသော စကားလုံးမှာလည်း လယ်ကြီးစပါးမှ မုရင်းစပါး ပြောင်းလဲသတ်မှတ်ရာ တန်ဘိုး ကွာခြားငွေ ၁၀၀၀၀ိ/-အား တရားလိုများမှ တရားပြိုင်တို့အား ရှင်းပြီးက ရှင်းဟု ရေးသားထားခြင်းဖြစ်ကြောင်း တရားလိုများထွက်ဆိုချက်၊ ရှင်းလင်းချက်မှာ တရားပြိုင်များက "**ရှင်း**" ဟူသော စကားလုံး ပါသဖြင့် ရှင်းပြီးကြောင်း အလွယ်တကူ ထွက်ဆိုနေခြင်းထက် ပိုမို၍ ယုံကြည်ထိုက်သဖြင့် မုရင်းစပါး တင်း ၅၀၀ ၏ တန်ဘိုးများ ရှင်း မရေးရသေးကြောင်းသာ သုံးသပ်ရမည် ဖြစ်ပေသည်။

တရားမကြီး ၁၁၀/၂၀၁၅ အဆက် -၅

သက်သေခံ (က-၃) ၃၁-၁-၂၀၁၄ ရက်စွဲပါ မတ်ပဲ တင်း ၁၀၀ နှင့်ပတ်သက်၍မူ တရားလို အမှတ်စဉ် (၂) ဦးဝင်းမောင် မှ " ကျွန်တော် တရားစွဲဆိုချိန်တွင် မတ်ပဲ တင်း ၁၀၀ အတွက် (၁)တင်းလျှင် ၅၀၀၀ဝိ/- နှုန်း ရှိသဖြင့် သိန်း ၅၀ ရရန်ရှိကြောင်း" ထွက်ဆိုပြီး တရားပြိုင် အမှတ်စဉ် (၂) ဒေါ်ညိုညိုစန်း (ခ) ဒေါ်ညိုညို မှ မတ်ပဲပေါ်ချိန်တွင် မတ်ပဲ (၁)တင်း ၂၅၀၀၀ဝိ/ နှုန်း ဖြစ်သဖြင့် (၂၅)သိန်း ပြန်လည်ပေးအပ်ရမည်ဖြစ်ကြောင်း ထွက်ဆိုချက်များကို သုံးသပ် ကြည့်ရာတွင် တရားလိုများသည် မတ်ပဲကျသည့် ရာသီချိန်ထက် ပိုမို၍ဈေးရလိုသောကြောင့်သာ တရားပြိုင်များထံ အပ်နှံထားခြင်းမျိုး ဖြစ်သဖြင့် မတ်ပဲ (၁)တင်းလျှင် ၅၀၀၀ဝိ/- နှုန်းဖြင့် သိန်း (၅၀) မပေးရသေးကြောင်းသာ သုံးသပ်ရမည်ဖြစ်သည်။

သက်သေခံ (က-၄) (၃-၂-၂၀၁၄) နေ့စွဲပါ မုရင်းစပါး တင်း ၅၀၀၊ သက်သေခံ (က-၅)ပါ မုရင်းစပါး တင်း ၃၀၀ တို့၏ တန်ဖိုးများမှာ မပေးရသေးကြောင်း၊ အမှတ် (၂) တရားပြိုင်မှ ချေလွှာနှင့် ထွက်ချက်တွင် ဝန်ခံထားသဖြင့် မုရင်းစပါး တင်း ၃၀၀ အတွက် တန်ဘိုး (၁၅၀,၀၀၀ဝိ/-)နှင့် မုရင်းစပါး တင်း ၅၀၀အတွက် တန်ဘိုး (၂၅,၀၀၀၀ဝိ/-) တို့ကို တရားလို တို့က ဆပ်ရန်ရှိနေကြောင်း ပေါ်ပေါက်နေပေသည်။ ယနေ့တိုင် မုရင်းစပါး တင်း ၂၀၀၀ အတွက် တန်းဘိုး ရှင်းမပေးရသေးသဖြင့် တရားလိုများတောင်းဆိုသည့် ကာလပေါက်ဈေး (၁)တင်းလျှင် ၅၀၀၀ဝိ/-ဖြင့် သိန်း (၁၀၀) ရှင်းရန် ကျန်ပေသည်။ ခြုံငုံသုံးသပ်ကြည့်ပါက တရားပြိုင်များက ၎င်းတို့၏ ချေလွှာနှင့် ထွက်ချက်တွင် သက်သေခံ (၁) မှ (၁-ဃ) ထိ တင်ပြထားသော ဖြတ်ပိုင်း များ၊ သက်သေခံ (၂) မှ (၂-ဂ)အထိ တင်ပြထားသော ဖြတ်ပိုင်းများအရ တရားပြိုင်များ မှာလည်း တရားလိုများထံမှ ငွေများရရန်ရှိပြီး တရားပြိုင်များကပင် ၃၁၂၅၀ဝိ/-ရရန်ရှိကြောင်း ချေပထွက်ဆိုချက်နှင့်ပတ်သက်၍ သုံးသပ်ကြည့်ရာတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ၃-၈ နည်း၆ အရ ငွေရလိုမှုတွင် တရားပြိုင်သည် ၎င်း၏ချေပလွှာတွင် ခုနှိမ်လိုသောငွေကို ရေးသားဖော်ပြ ကာ ခုနှိမ်ခွင့်ရှိပေသည်။ ခုနှိမ်ခွင့်ရရန်မှာ တရားပြိုင်၏တောင်းဆိုချက်သည် တိကျသော ငွေ တစ်ရပ်အတွက် ဖြစ်ရပေမည်။ စုံစမ်းစိစစ်ဆုံးဖြတ်ရမည့်ငွေမျိုး မဟုတ်ရပေ၊ ယခုအမှုတွင် တရားပြိုင်များမှ ခုနှိမ်ရန် တင်ပြသောငွေများမှာ သက်သေခံ (၁) မှ (၁-ဃ)၊ (၂) မှ (၂-ဂ)ထိ၏ စာဖြတ်ပိုင်းများနှင့်ပတ်သက်၍ ပေးပြီး/မပြီး၊ ရှင်းပြီး/ မပြီး စသည့် ငွေကြေးများဖြစ်နေသဖြင့် ခုနှိမ်ခွင့်လည်းမရနိုင်ပေ။

ခုနှိမ်ခြင်းနှင့် ပြန်လည်တောင်းဆိုမှုမှာ ကွဲပြားခြားနားသည်။ အကယ်၍ ပြန်လုန် တောင်းဆိုမှု ပြုလုပ်သည်ဆိုပါကလည်း ပြန်လုန်တောင်းဆိုမှုအတွက် ရုံးခွန်ထမ်းဆောင်ရန် လိုအပ်ပေသည်။ ယခုအမှုတွင် တရားပြိုင်များမှ ၎င်းတို့၏ ချေပလွှာပါ တရားလိုများထံမှ ရရန် ရှိသည်ဟူသော ငွေကြေးနှင့်ပတ်သက်၍ ရုံးခွန်ထမ်းဆောင်ထားခြင်းများလည်း မရှိသဖြင့် ပြန်လုန်တောင်းဆိုမှုအဖြစ်လည်း မည်သို့မျှ မမှတ်ယူနိုင်ပေ။

ထို့ကြောင့် ကောက်ချက် (၁)နှင့်ပတ်သက်ပြီး တရားလိုသည် တရားပြိုင်ထံ ကြိုတင် လက်ခံအပ်နှံထားသည့် စပါး တင်း ၂၀၀၀ နှင့် မတ်ပဲ တင်း ၁၀၀ (သို့မဟုတ်) ထိုစပါး တင်း ၂၀၀၀ ၏ ကာလပေါက်ဈေးကျပ်သိန်း ၁၀၀ နှင့် မတ်ပဲ တင်း ၁၀၀ ၏ ကာလပေါက်ဈေး သိန်း ၅၀၊ စုစုပေါင်း ကျပ်သိန်း (၁၅၀) ရရန်ရှိသည်မှာ မှန်ကန်ကြောင်း ဖြေဆိုလိုက်သည်။

ကောက်ချက် (၂) နှင့်ပတ်သက်၍ ယခုအမှုမှာ အစုစပ်လုပ်ငန်းလုပ်ကိုင်ခြင်း၊ စပ်တူ လုပ်ငန်းလုပ်ကိုင်ကြခြင်းမျိုးလည်း မဟုတ်သဖြင့် စာရင်းရှင်းလင်းခြင်းမရှိဘဲ အမှုမစွဲနိုင်ဟု

မဆိုနိုင်ချေ။ တရားလိုများမှ တရားပြိုင်များထံ ကြိုတင်အပ်နှံထားသော စပါးဘိုးနှင့် မတ်ပဲဘိုးများ မရရှိသဖြင့် တောင်းဆိုသော အမှုသာဖြစ်ကြောင်း ထင်ရှားသည်။

ထို့ကြောင့် ကောက်ချက် (၂) နှင့်ပတ်သက်ပြီး တရားလို၊ တရားပြိုင်များ ရရန်၊ ပေးရန် စာရင်းရှင်းလင်းခြင်းမရှိဘဲ စွဲဆိုထားသဖြင့် အမှုစွဲဆိုပုံ မှားယွင်းသည်ဆိုခြင်းမှာ မမှန်ဟူ၍ ဖြေဆိုလိုက်သည်။

ကောက်ချက် (၃)နှင့်ပတ်သက်၍ တရားပြိုင် (၁) ဦးအုန်းစံ၊ (၂) ဒေါ်ညိုညိုစန်း (ခ) ဒေါ်ညိုညို၊ (၃) မမိုမို၊ (၄) ကိုဟန်မင်းသူတို့သည် တရားလိုများဖြစ်သော (၁) ဒေါ်ခင်ကြည်၊ (၂) ဦးဝင်းမောင်တို့အား မုရင်းစပါး တင်း ၂၀၀၀ နှင့် မတ်ပဲ ၁၀၀ တင်း (သို့မဟုတ်) စပါး တင်း ၂၀၀၀ ၏ ကာလပေါက်ဈေး သိန်း ၁၀၀/- (ကျပ်သိန်းတစ်ရာတိတိ) နှင့် မတ်ပဲ ၁၀၀ တင်း၏ ကာလပေါက်ဈေးငွေ သိန်း ၅၀/- (ကျပ်သိန်းငါးဆယ်တိတိ)၊ စုစုပေါင်း သိန်း ၁၅၀/- (သိန်းတစ်ရာ့ငါးဆယ်ကျပ်တိတိ)ကို တရားလိုများအား စရိတ်နှင့်တကွ ပေးဆပ်စေရန် အနိုင်ဒီကရီ ချမှတ်လိုက်သည်။

၅၂၁၃၁ - ၁၀၀၀၀၇ - ၁၁၈ ၂၀၁၅

(ပုံ)
(စန္ဒာမောင်)
ခရိုင်တရားသူကြီး (၃)
မုံရွာခရိုင်တရားရုံး

စစ်ဆေးပြီး မှန်ကန်ကြောင်းတာဝန်ယူသည်။

(ဆွေးညွှန်)
စာချုပ်ရေးသား

(မြို့နယ်ညွှန်)